တံပ်အွံရ်ပိုန်လောတ်ကမိုန်တအာင်း

**Palaung State Liberation Front**

# ကျေးဇူးမှတ်တမ်းတင်ခြင်း

ရက်စွဲ။ ။နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၁၄

မြန်မာ့တပ်မတော်မှ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် ၁၉ ရက် နိုဝင်ဘာလ ၂၀၁၄ ခုနှစ်တွင် ကျဆုံးခဲ့ရသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ မဟာမိတ်ရဲဘော် အရာရှိလောင်းများနှင့်အတူ မိမိတို့ P.S.L.F/T.N.L.A အရာရှိလောင်းများအတွက် ရည်စူးပြီး မြန်မာပြည် အနယ်အနယ်အရပ်ရပ်တွင် ရက်လည်ဆွမ်းသွတ်အလှူဒါနပြုလုပ်အမျှတမ်းဝေခြင်း၊ ဘာသာပေါင်းစုံ ဆုတောင်းပွဲများပြုလုပ်ခြင်း၊ အနက်ရောင်လှုပ်ရှားမှုများပြုလုပ်ခြင်း စသဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသပြီး မြန်မာ့တပ်မတော်၏ အကြမ်းဖက်လုပ်ရပ်များကို လက်မခံကြောင်း ရဲပုံ့ပြတ်သားစွာ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသား မိဘညီအစ်ကို မောင်နှမများအားလုံးကို မိမိတို့ P.S.L.F/T.N.L.A မှ အထူးကျေးဇူးတင်ရှိကြောင်းမှတ်တမ်းပြုအပ်ပါသည်။

အမျိုးသားလွတ်မြောက်ရေးအတွက် အသက်ပေးလှူခဲ့သည့် အရာရှိလောင်းများအား ဂုဏ်ပြုခြင်းနှင့်အတူ တိုင်းရင်းသားမိဘပြည်သူများနှင့်အစဉ်လက်တွဲကာ အမှန်တကယ်ငြိမ်းချမ်းသာယာသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြုအပ်ပါသည်။

ဗဟိုကော်မတီ
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး
တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်
P.S.L.F/T.N.L.A